# မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမား သမဂ္ဂများအဖွဲ့ချုပ်

တာဝန်သိမှု နှင့် အခွင့်အရေး

အမှတ်(၃၈၄)၊
ကုန်းဘောင်လမ်း၊ (၁၅)
ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၀ ၃၀၂ ၀၆၉


## ရန်ကုန်မြို့ကြေညာစာတမ်း

ရန်ကုန်မြို့မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) သည် ပြည်ပ၌ ၁၉၉၁ ခုနှစ်မှ စတင်၍ ဆယ်စုနှစ် (၂) ခုကျော် အကြောက်တရားကင်းမဲ့စွာဖြင့် လှုပ်ရှားရုန်းကန်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် အလုပ်သမားအဖွဲ့အစည်းဥပဒေ ပေါ်ပေါက်လာပြီးနောက် မြန်မာနိုင်ငံအတွင်းတွင် စည်းရုံးရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့သည်။

ယနေ့မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) ၏ အဖွဲ့ဝင်အဖွဲ့အစည်းများသည် CTUM အား ဖွဲ့စည်းပုံစည်းမျဉ်းများနှင့် စုဖွဲ့မှုပုံသဏ္ဍာန်တို့အားပြောင်းလဲ၍ ဖွဲ့စည်းပုံစည်းမျဉ်းအသစ်အား ပြန်လည်ရေးဆွဲ အတည်ပြုကာ မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (Confederation of Trade Unions Myanmar- CTUM) မှ ဒုတိယအကြိမ် ညီလာခံအခမ်းအနားကို ပြုလုပ်သည့် သမိုင်းဝင် အဆင့်သို့ ရောက်ရှိလာပြီဖြစ်ပါသည်။

၁၉၈၈ ခုနှစ် ပြည်လုံးကျွတ်ဒီမိုကရေစီရေး လူထုလှုပ်ရှားမှုကြီး ဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံရေးပါတီများအား ခြွင်းချက်များ၊ ကန့်သတ်ချက်များဖြင့် ခွင့်ပြုခဲ့သော်လည်း အလုပ်သမားသမဂ္ဂများကိုမူ လုံးဝပိတ်ပင် တားဆီးခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေး ပြောင်းလဲမှုနှင့်အတူ အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်ကို ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်း ဥပဒေ၊ ၂၀၁၂ ခုနှစ် အလုပ်သမားအဖွဲ့အစည်း နည်းဥဒေတို့နှင့်အညီ ခွင့်ပြုခဲ့သည်။ ယခုကာလတွင် မြန်မာနိုင်ငံ၌ အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်ကို ရရှိနေပြီဖြစ်ပါသည်။

ထို့ကြောင့်လွတ်လပ်သော အလုပ်သမားသမဂ္ဂများ အစဉ်အဆက် ဖွဲ့စည်းခွင့်ရရှိရေးတို့အတွက် ကြိုးပမ်း အားထုတ်ခြင်းနှင့် ၎င်းသမဂ္ဂများကို ကာကွယ်ခြင်းတို့မှာ ကျွန်ုပ်တို့၏ တာဝန်ပေဖြစ်ပေသည်။

လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်(FoA) သည် အလုပ်သမားသမဂ္ဂများ၏ အခြေခံအကျဆုံး အခွင့်အရေး တရပ်ဖြစ်သကဲ့သို့ လွတ်လပ်သော အလုပ်သမားသမဂ္ဂများမှ ၎င်းတို့၏ အဖွဲ့ဝင်များနှင့် အလုပ်သမားထု တရပ်လုံးအတွက် ကိုယ်စားပြုမှုဖြင့် အစိုးရ၊ အလုပ်ရှင်တို့နှင့် ဆွေးနွေးခွင့်၊ ညှိနှိုင်းတောင်းဆိုခွင့်များ ရရှိရေး သည်လည်း အရေးကြီးသော အခွင့်အရေးတရပ် ဖြစ်ပါသည်။ ယင်းအခွင့်အရေးများအတွက် မလွှဲမသွေ ကြိုးစားရုန်းကန်ကြရဦးမည် ဖြစ်ပေသည်။ ထိုသို့ လွတ်လပ်သော အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်ရရှိရေး အတွက် ဒီမိုကရေစီ အခွင့်အရေးသည် မရှိမဖြစ်လိုအပ်သဖြင့် ဒီမိုကရေစီကျင့်စဉ် ထူထောင်ရေးကို အောင်မြင်သည်အထိ ကြိုးပမ်းရန် သန္နိဋ္ဌာန် ချမှတ်ထားပါသည်။

ဒီမိုကရေစီ အခြေခံမူတွင် လွတ်လပ်စွာတွေးခေါ်ခွင့်၊ လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်နှင့် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်တို့ကို ယုံကြည်ခြင်းသည် အလုပ်သမားများ၏ လူနေမှုဘဝ၊ ၎င်းတို့နှင့် အလုပ်ရှင်များကြား ဆက်ဆံရေး၊ အလုပ်သမားများအချင်းချင်း၊ အလုပ်ရှင်များအချင်းချင်း၊ ပြည်သူလူထုတရပ်လုံး ကြားတွင်လည်းကောင်း၊ ပြည်သူလုထုနှင့် အစိုးရကြားတွင်လည်းကောင်း အပြည်အလုန်ဆက်ဆံခြင်းတို့ကို အကျိုးသက်ရောက်စေမည့် စစ်မှန်သည့် အခြေအနေတစ်ခုကို ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် CTUM သည် အောက်ဖော်ပြပါ အခွင့်အရေးများကို တစ်ဦးတစ်ယောက်ချင်းစီ ခံစားရရှိနိုင်ရေး သင့်တင့်ကောင်းမွန်သော လူနေမှု ဘဝကို အပြည့်အဝရရှိစေရန် အတွက် အောက်ပါတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

- လူမှုတရားမျှတမှုနှင့် အခွင့်အရေးတန်းတူညီမျှမှုရရှိရန်
- အလုပ်လုပ်ပိုင်ခွင့်နှင့် အလုပ်အကိုင် ရွေးချယ်ပိုင်ခွင့်ရရှိရန်
- အလုပ်အကိုင်အာမခံချက်ရှိမှုနှင့် ဝင်ငွေအာမခံချက်ရရှိရန်
- လုပ်ငန်းကဏ္ဍတိုင်းတွင် လုံလောက်သည့် လူမှုဘဝကာကွယ်စောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူရရှိပိုင်ခွင့် ရရှိရန်
- အလုပ်သမားသမဂ္ဂများ လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်ခွင့်၊ လွတ်လပ်စွာပါဝင်ခွင့်နှင့် အချင်း ချင်း ပူးပေါင်းဆောင်ရွက်ခွင့် ရရှိရန်
- ဒီမိုကရေစီကျင့်စဉ် ပြည်လည်ထူထောင်ရေးနှင့် ရေရှည်ထိန်းသိမ်းထားနိုင်ရန်
- ဆင်းရဲချမ်းသာ ကွာခြားမှုနည်းအောင် သာတူညီမျှသော အခွင့်အလမ်းများကို ဖော်ဆောင်နိုင်ရန်
- ကုန်ထုတ်စွမ်းအားနှင့် တိုင်းပြည်ဝင်ငွေပေါ်တွင် သင့်တင့်မျှတသော ခွဲဝေမှုရရှိစေရန်

မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် CTUM သည် အောက်ပါကိစ္စရပ်များ ဆောင်ရွက်နိုင် ရန် အလို့ငှာ ဖွဲ့စည်းတည်ရှိသည်။

က) သင့်တင့်ကောင်းမွန်သော လုပ်ငန်းခွင်များ ဖန်တီးနိုင်ရေးနှင့် ကမ္ဘာအနှံ့အပြားရှိ အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်ရေးနှင့် မြှင့်တင်ရေး၊

ခ) အလုပ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အလုပ်သမားသမဂ္ဂများအား ဆန့်ကျင်သည့် အင်အားစု များမှ အလုပ်သမားသမဂ္ဂများကို ဖျက်ဆီးရန်၊ ထိုးဖောက်ဝင်ရောက်ရန်နှင့် လွှမ်းမိုးချယ်လှယ်ရန် စသည့် သမဂ္ဂဆန့်ကျင်ရေး လှုပ်ရှားဆောင်ရွက်မှုများကို ကာကွယ်ရန်၊

ဂ) ဒီမိုကရေစီ၊ အခြေခံလူ့အခွင့်အရေးများနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီမိုကရေစီနည်းကျသည့် ခေါင်းဆောင်မှုကို မြှင့်တင်ရေးနှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊

ဃ) အပြည်ပြည်ဆိုင်ရာ အလုပ်သမားသမဂ္ဂများနှင့် သွေးစည်းညီညွတ်မှု တည်ဆောက်ရေး၊

င) အလုပ်အကိုင်အခွင့်အလမ်းများ လုံလောက်စွာ ဖန်တီးနိုင်ရန် လုပ်ငန်းကဏ္ဍအားလုံး၌ မျိုးနွယ်စု၊ ကျား-မ နိုင်ငံသား၊ အသက်၊ ယုံကြည်မှုနှင့် HIV-AIDS ခုခံအားကျဆင်းသည့် ရောဂါခံစားနေသူစသည့် အချက်များ ပေါ်မူတည်၍ ဆိုးရွားစွာ ခွဲခြားဆက်ဆံနေမှုများကို အလုံးစုံပပျောက်အောင် ဆောင်ရွက်ရေး၊ လုပ်ငန်းခွင် အခြေအနေများ တိုးတက်ကောင်းမွန်စေရေးနှင့် နိုင်ငံသားများ၏ လူနေမှုအဆင့်အတန်း မြှင့်တင်ရေး၊

စ) လွတ်လပ်သည့် လုပ်အားဈေးကွက် စနစ်ကိုတိုးချဲ့၊ ထိန်းသိမ်း ကာကွယ်ရန်၊

ဆ) အဓမ္မလုပ်အား ခိုင်းစေမှု အား လုပ်ငန်းခွင်တိုင်းနှင့် မည်သည့်နေရာတွင်မဆို ပပျောက်သွားရေး၊

ဇ) ကလေးအလုပ်သမားများအား အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေမှုပပျောက်စေရေး၊

ဈ) အလုပ်သမားသမဂ္ဂလှုပ်ရှားမှုတွင် အမျိုးသမီးနှင့်လူငယ်များ ပါဝင်မှုကို အလေးထားဖော်ဆောင်ရေး၊

ည) အလုပ်သမားများအတွက် လူမှုဘဝကာကွယ်စောင့်ရှောက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး နှင့် ကျန်းမာရေး (OSH)၊

ဋ) မြန်မာနိုင်ငံတွင် လွတ်လပ်၍ အမှီအခိုကင်းသော အလုပ်သမားသမဂ္ဂများ တည်ထောင်နိုင်ရေး၊ ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

ဌ) မြန်မာနိုင်ငံရှိ အလုပ်သမားသမဂ္ဂများ၏ ကိုယ်စားပြု ပြောဆိုဆောင်ရွက်မည့် အဖွဲ့အစည်းအဖြစ် ရပ်တည်ရေး။

၃) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရ- အလုပ်ရှင် - အလုပ်သမား (Social Dialogue) သုံးပွင့်ဆိုင် ဆွေးနွေးပွဲများနှင့် လုပ်ငန်းခွင်အတွင်း အပြုသဘောဆောင်သည့် အလုပ်ရှင်- အလုပ်သမားဆက်ဆံရေး (Industrial Relations) တည်ဆောက်ရန်။

ထို့အပြင် မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) သည် မည်သည့် အစိုးရ အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလုပ်ရှင်အဖွဲ့အစည်းများနှင့် အခြားသောမည်သည့် လွှမ်းမိုးခြင်း၊ ချယ်လှယ်ခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်းတို့မှ ကင်းလွတ်သည့် လွတ်လပ်သော အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်အဖြစ် အခိုင်အမာရပ်တည်သွားရန်ဟူသည့် အချက်ကို အခြေခံမှု အဖြစ် ကိုင်စွဲသွားမည် ဖြစ်သည်။

ယခုကဲ့သို့ သမိုင်းဝင်အချိန်အခါသမယတွင် မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) ဖွံ့ဖြိုးကြီးထွားလာစေရန် ကူညီပံ့ပိုးပေးခဲ့သော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအား အထူးအလေးအနက် ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (CTUM) သည် မိမိတို့အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားဝင်တည်ရှိနေမည် ဖြစ်သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (Confederation of Trade Unions Myanmar-CTUM) အဖြစ် ဆက်လက်ရပ်တည်သွားရေးအတွက် ကျမ်းသစ္စာကျိန်ဆိုခြင်း အခမ်းအနားကို ပြုလုပ်၍ CTUM ၏ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား အတည်ပြု ပြဌာန်းလိုက်ကြောင်း ထုတ်ပြန်ကြေညာလိုက်ပါသည်။

အမိမြန်မာနိုင်ငံတွင် ပြုလုပ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် CTUM ၏ ဒုတိယ အကြိမ် ညီလာခံ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၂၉-၃၀) ရက်။